# အခန်း ၇

# မထိခိုက်စေပါနှင့် Do No Harm

## နိုင်ငံတကာလုပ်ထုံးလုပ်နည်း

## အပိုင်း ၄ - လက်တွေ့မှတ်တမ်းတင်ခြင်း - ပြင်ဆင်ခြင်း

## စာမျက်နှာ ၈၄ - ၁၀၃


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# သင်ခန်းစာရည်ရွယ်ချက်များ

ထိခိုက်မှုမရှိစေခြင်း Do No Harm သဘောတရားနှင့် ရှင်ကျန်ရစ်သူဗဟိုပြု၍ မှတ်တမ်းတင်ခြင်း၏အခြေခံ အရေးပါမှုကို နားလည်အသိအမှတ်ပြုခြင်း။

ကြိုတင်အသိပေးသဘောတူချက်၏ ဆိုလိုချက်နှင့် မည်သည့်အချိန်တွင် မည်သို့ရယူနိုင်မည်ကို ရှင်းပြနိုင်ခြင်း။

ထိခိုက်မှုဖြစ်နိုင်ခြေကို တုန့်ပြန်ခြင်း၊ လျော့ချခြင်း၊ ကာကွယ်ခြင်းဆိုင်ရာ နည်းလမ်းများကို ဖော်ဆောင်နိုင်ခြင်း။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# “ထိခိုက်မှုမရှိစေခြင်း” က ဘာကိုဆိုလိုသလဲ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း - စာမျက်နှာ ၈၅

- “ထိခိုက်မှုမရှိစေခြင်း Do No Harm”၏ ကျင့်ဝတ်ဆိုင်ရာဉပဒေသသည် CARSV မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်ကို လမ်းညွှန်သင့်သည်- အနိမ့်ဆုံးလိုအပ်ချက်ဖြစ်သည်။
- “ထိခိုက်မှုမရှိစေခြင်း” ဆိုသည်မှာ-
  - ➢ ကျူးလွန်ခံရသူများ/ သက်သေများ၊ ပိုမိုကျယ်ပြန့်သော လူမှုအသိုက်အဝန်းနှင့် မှတ်တမ်းတင်ရေးအဖွဲ့ကို ကျရောက်နိုင်သော အဆိုးသက်ရောက်မှုအားလုံးကို သေချာစွာ စဉ်းစားရန်-
  - ➢ အဆိုပါသက်ရောက်မှုကြောင့် ဖြစ်လာနိုင်သော ထိခိုက်နိုင်ခြေအတွက် ကြိုတင်ပြင်ဆင်ထားရန်။
  - ➢ အလားအလာရှိသောထိခိုက်နိုင်ခြေကို ကာကွယ်ရန်၊ လျှော့ချရန် သို့မဟုတ် တုန့်ပြန်ရန် တတ်နိုင်သမျှအားထုတ်ခြင်း၊ သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မဖြစ်နိုင်လျှင် မှတ်တမ်းတင်ခြင်း တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ရပ်ဆိုင်းရန်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# CARSV ရှင်ကျန်ရစ်သူများကို မည်သူက ထိခိုက်မှုရှိစေသလဲ






© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# ရှင်ကျန်ရစ်သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကိုလေးစားခြင်းဆိုတာ ဘာလဲ

- ၎င်းတို့၏လိုအပ်ချက်/တောင်းဆိုချက်များကို ဦးစားပေးခြင်းဖြင့် ရှင်ကျန်ရစ်သူ၏ ဆုံးဖြတ်ခွင့်/လုပ်ပိုင်ခွင့်ကို ထောက်ပံ့ခြင်းနှင့် ရှင်ကျန်ရစ်သူဗဟိုပြုချဉ်းကပ်ခြင်းကိုလိုက်နာရန် ထိခိုက်မှုမရှိစေခြင်းက လိုအပ်သည်

- ရှင်ကျန်ရစ်သူ၏ဆုံးဖြတ်ချက်သည် တခါတရံ မိသားစု/ယဉ်ကျေးမှုဖိအားကြောင့်ဖြစ်တတ်ပြီး ၎င်းတို့အတွက်အကောင်းဆုံးမဟုတ်ပါ

- ပါဝင်ပတ်သက်ခြင်းအားဖြင့်ရနိုင်သော စွန့်စားမှုအန္တရာယ်အလားအလာ/အကျိုးကျေးဇူးများ အားလုံးနှင့် ဝန်ဆောင်မှုများ၊ ပံ့ပိုးမှုများကို အပြည့်အဝအသိပေး၊ ဆွေးနွေးခြင်းဖြင့် ၎င်းတို့ ဆုံးဖြတ်ချက်ကောင်းများချနိုင်စေခြင်း- ၎င်းတို့ဆုံးဖြတ်မှာ သင်နှင့်ထပ်တူမကျ နိုင်သော်လည်း ၎င်းတို့ဆန္ဒကိုလေးစားရမည်

ရှင်ကျန်ရစ်သူ၏ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကိုလေးစားခြင်းသည် ၎င်းတို့၏ လွတ်လပ်စွာဆုံးဖြတ်နိုင်စွမ်း၊ ကိုယ်ပိုင်တန်ဖိုးနှင့်ယုံကြည်ချက်များအပေါ်အခြေခံ၍လုပ်ဆောင်ခြင်း၊ ဆုံးဖြတ်နိုင်ခွင့်နှင့်အခွင့်အရေးကို အသိအမှတ်ပြုခြင်းဖြစ်သည်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# “ထိခိုက်မှုမရှိစေခြင်း” ကဘာကိုဆိုလိုသလဲ




- အချို့စွန့်စားမှုအန္တရာယ်အလားအလာများသည် CARSV မှတ်တမ်းတင်ခြင်းနှင့်အတူတွဲနေပြီး ရှောင်လွှဲမရပေ- ကျူးလွန်ခံရသူများ/ သက်သေများအား ဖြစ်နိုင်ခြေရှိသည့်စွန့်စားမှုများ အားလုံးကို ဖွင့်ချပြရန် အရေးကြီးသည်
- ‘ထိခိုက်မှုမရှိစေခြင်း’ဥပဒေသများကိုလေးစားလိုက်နာခြင်းက CARSV မှတ်တမ်းတင်ခြင်း မလုပ်ရဟု မဆိုလို- ကျူးလွန်ခံရသူများ ထိခိုက်လွယ်နိုင်သော်လည်းရင်းတို့ဓာတ်လမ်းကိုပြောခြင်း၊ တာဝန်ခံယူတာဝန်ခံမှု ဖော်ထုတ်ခြင်းဖြင့် ခွန်အားဖြစ်စေနိုင်သည်- ဒါက သူတို့၏ဆုံးဖြတ်ချက်ဖြစ်သည်




© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ကြိုတင်အသိပေးသဘောတူခြင်း– ဘာကိုဆိုလိုသလဲ

ကြိုတင်အသိပေးသဘောတူခြင်းဆိုသည်မှာ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် **ပါဝင်ရန်နှင့် မည်သို့ပါဝင်မည်ကို** ဆုံးဖြတ်ရန် CARSV ကျူးလွန်ခံရသူများ/ သက်သေများတွင် အမြင့်ဆုံး အခွင့် အာဏာရှိသည်

- ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရကြိုတင်အသိပေးသဘောတူခြင်းရရှိရန် ဥပဒေနှင့်ကျင့်ဝတ်အရ တာဝန် ဝတ္တရား
- မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်ရှုထောင့်အသီးသီးနှင့်အဆင့်တိုင်းကို အပြည့်အဝနားလည်မှုနှင့် ဖွင့်ချပြရခြင်း အပေါ် အခြေခံသော ကျူးလွန်ခံရသူ/ သက်သေများက မိမိဆန္ဒလျောက်ကြိုတင်အသိပေးသဘောတူခြင်း လိုအပ်သည်
- ကြိုတင်အသိပေးသဘောတူခြင်းကိုပေးရန်မစွမ်းနိုင်သူများအတွက် ဥပဒေအရခွင့်ပြုမိန့်ရထားသော ကိုယ်စားလှယ်က လုပ်ဆောင်နိုင်သည် (ဥပမာ ငယ်ရွယ်သူ, မသန်စွမ်းသူ, စိတ်မကျန်းမာသူ)- ရင့်ကျက်ပြီးသောကလေးသူငယ်များက (အုပ်ထိန်းသူ မိဘများပါဝင်သည့်)ကြိုတင်အသိပေးသဘောတူချက် informed assent ပေးရန်လိုသည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ကြိုတင်အသိပေးသဘောတူခြင်း– ဘာကိုဆိုလိုသလဲ

ကြိုတင်အသိပေးသဘောတူခြင်းသည် လုပ်ငန်းစဉ်ဖြစ်ပြီး အောက်ပါအချက်တို့ ပါဝင်သည်

- တွေ့ဆုံမေးမြန်းခံခြင်းနှင့်သတင်းအချက်အလက်များမှတ်တမ်းတင်ထားခြင်း
- ဓါတ်ပုံရိုက်ခံရခြင်းနှင့်/သို့မဟုတ် စစ်မေးခံရခြင်း
- ကူပံ့ခြင်းဝန်ဆောင်မှုများသို့ရည်ညွှန်း/အခြားအဖွဲ့ထံသတင်းအချက်အလက်မျှဝေခြင်း
- မှတ်တမ်းတင်ခြင်းရည်ရွယ်ချက်နှင့် သတင်းအချက်အလက်ပြန်လည်အသုံးပြုပုံ
- လျှို့ဝှက်ချက်ထိမ်းသိမ်းခြင်းဆိုလိုချက်နှင့် အကန့်အသတ်များ
- ပါဝင်ဆောင်ရွက်ခြင်း၏ စွန့်စားရမှုအန္တရာယ်အလားအလာနှင့်အကျိုး



© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ကြိုတင်အသိပေးသဘောတူခြင်း- ဘယ်အရာက ငြင်းဆိုသလဲ

- ကြိုတင်အသိပေးသဘောတူခြင်းက ကြိုတင်အသိပေးထားခြင်း (သို့) မိမိဆန္ဒဖြင့်မဟုတ်လျှင်-
- အကယ်၍ ပရိယာယ်သုံး လိမ်ညာခြင်း၊ စွန့်စားရနိုင်မှု (သို့) စွန့်စားရနိုင်ခြင်းကို တစ်စိတ်တစ်ပိုင်းထိန်ချန်ခြင်းအားဖြင့် ရရှိခြင်း-
- အလုံးစုံအသိပေးသော်လည်း သက်သေက အပြည့်အဝနားမလည်သောအခါ (ဥပမာ- စွမ်းရည် ကန့်သတ်ချက်၊ ဘာသာစကားအခက်အခဲ၊ ဆက်ဆံရေးဆိုးဝါးခြင်း- စသည်)-
- အကြပ်ကိုင်၊ သွေးဆောင်ခံရသော အခြေအနေများ (ဥပမာ- အကူအညီရှုပ်သိမ်းရန် ခြိမ်းခြောက်ခြင်း၊ သတင်းအချက်အလက်ပေးမှ ပံ့ပိုးကူညီမည်ဟုဆိုခြင်း)-

ကြိုတင်အသိပေးသဘောတူမှု ခိုင်မာခြင်းမရှိဘဲရရှိသော သတင်းအချက်အလက်ကို တရားရုံး (သို့) အခြားသောယန္တရားများသို့တင်ပြခြင်းမပြုနိုင်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈

# ကြိုတင်အသိပေးသဘောတူခြင်း- ထိပ်တန်းအကြံပြုချက်များ

ကျူးလွန်ခံရသူများ/သက်သေများ သက်တောင့်သက်သာရှိစွာ **ငြင်းဆန်နိုင်ပါစေ**နှင့် ၎င်းတို့တွင်**ရွေးချယ်ခွင့်ရှိကြောင်း** ရှင်းပြခြင်း

**မေးခွန်းမေးရန်နှင့် ပူပန်မှုမျှဝေရန်** ၎င်းတို့အားကမ်းလှမ်းပါ

ဆက်စပ်သည့်အချက်အားလုံးကိုရှင်းပြရန်အချိန်ယူပါ၊ ၎င်းတို့အားဆုံးဖြတ်ချက်ချရန် **လုံလောက်သောအချိန်ပေးပါ**- ၎င်းတို့အား **စိတ်ပြောင်းခွင့်ပြုပါ**

**မှတ်တမ်းတင်ခြင်း၏ရည်ရွယ်ချက်**နှင့် သတင်းအချက်အလက်**အသုံးပြုနိုင်ခြေပုံစံအားလုံး**ကို အပြည့်အဝ ရှင်းပြပါ- ဖြစ်နိုင်ခြေရှိသောဖွင့်ဟပြောဆိုရမည့်တာဝန်ဝတ္တရားများအပါအဝင် (ဥပမာ- ကလေးများ)

ပါဝင်လုပ်ဆောင်ခြင်း၏ **အကျိုးကျေးဇူးများနှင့်စွန့်စားရနိုင်ခြေများ**၊ နှင့် **ပေးထားသောဝန်ဆောင်မှုအကန့်အသတ်များ**ကို ရှင်းပြပါ

**သီးခြားလုပ်ဆောင်ချက်များအတွက်** ပြတ်သားသော သိရှိသဘောတူညီမှုရယူပါ (ဥပမာ- အသံ သွင်းယူခြင်း၊ ကိုယ်ခန္ဓာစစ်ဆေးခြင်း၊ ဒါဏ်ရာများဓါတ်ပုံရိုက်ခြင်း၊ နစ်နာသူလွှဲပြောင်းပေးခြင်း)

# ထိခိုက်မှုကို ဘယ်လိုလျှော့ချမလဲ

CARSV ကိုမှတ်တမ်းတင်သူများသည် ၎င်းတို့ကိုယ်တိုင်နှင့် အဖွဲ့အစည်း/လူမှုဝန်းကျင်မှပါဝင်သူများကြောင့် ဖြစ်လာနိုင်သော ထိခိုက်နိုင်မှုကို တုန့်ပြန်၊ လျှော့ချ၊ ကိုင်တွယ်နိုင်ရန် နည်းလမ်းများချမှတ်ရန် ကျင့်ဝတ်ဆိုင်ရာ တာဝန်ရှိသည်





© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ထိခိုက်မှုကို လျှော့ချခြင်း- ခြိမ်းခြောက်မှုနှင့်စွန့်စားမှုအကဲဖြတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စာမျက်နှာ ၉၂-၉၃
အခန်း ၈ - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း ၉ - စီမံချက်ရေးဆွဲခြင်း
နောက်ဆက်တွဲ ၂ - ခြိမ်းခြောက်မှုနှင့်စွန့်စားမှုအကဲဖြတ်ခြင်း ဆောင်ရွက်ခြင်း

- စီမံချက်ရေးဆွဲခြင်းအဆင့်တွင် သင်နှင့်အပြန်အလှန်ဆက်ဆံမည့်သူ၊ သင့်အဖွဲ့၊ သင့်သတင်းအချက်အလက်အတွက် ခြိမ်းခြောက်မှုနှင့် စွန့်စားမှုအကဲဖြတ်ခြင်းကို နှံ့စပ်စွာပြုလုပ်ရန်မှာ သင့်တာဝန်ဖြစ်သည်
- ခြိမ်းခြောက်မှုနှင့် စွန့်စားမှုအကဲဖြတ်ခြင်းကို မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တလျှောက် ထပ်ကာထပ်ကာပြုလုပ်သင့်သည်

စွန့်စားမှုအန္တရာယ်များကို အကဲဖြတ်ခြင်းဟူသည် ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများကိုခွဲခြားသိမြင်ခြင်း၊ ခြိမ်းခြောက်မှုအန္တရာယ်အလားအလာ(သို့မဟုတ်) ဖြစ်နိုင်ခြေကိုအကဲဖြတ်ခြင်းနှင့်သတ်မှတ်ဖော်ထုတ်ထားသည့် ဖြစ်နိုင်ခြေစွန့်စားမှု အန္တရာယ်များကိုတုန့်ပြန်ရန်အစီအမံများချမှတ်ခြင်းတို့ကို ဆိုလိုသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိခိုက်မှုကို လျှော့ချခြင်း- ခြိမ်းခြောက်မှုနှင့်စွန့်စားမှုအကဲဖြတ်ခြင်း

- စွန့်စားမှုအကဲဖြတ်ရာတွင် တစ်ဦးချင်းစီထံကျရောက်နိုင်သည့် ခြိမ်းခြောက်မှုကိုသာမက အခြေခံအဆောက်အဦ၊ ကိရိယာ၊ သတင်းအချက်အလက်နှင့် ဝန်ထမ်းများအပေါ်အကျိုးသက်ရောက်မှုများ၊ ကျူးလွန်ခံရသူများ/သက်သေများကို ထိတွေ့ချဉ်းကပ်ခြင်း၊တွေ့ဆုံမေးမြန်းခြင်းနှင့် သတင်းအချက်အလက်လုံခြုံရေးများကိုပါ ထည့်သွင်းစဉ်းစားရမည်
- မည်သည့်သက်သေအပိုင်းအစ၊ လုပ်ငန်းမျှော်မှန်းချက်ကိုမှ ကျူးလွန်ခံရသူ/သက်သေများ၏ ဘေးကင်းရေး၊ ဆန္ဒနှင့် ကိုယ်ရေးကိုယ်တာထက် ဦးစားမပေးသင့်ပါ

**အကယ်၍ စွန့်စားမှုသည် အလွန်ပြင်းထန်ခြင်း (သို့) လျှော့ချရန်မဖြစ်နိုင်ဟု သင်၏ စစ်တမ်းကပြဆိုပါက အဆိုပါသတင်းအချက်အလက် (သို့) သက်သေနောက်သို့ ဆက်မလိုက်သင့်ပါ**


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိခိုက်မှုကို လျှော့ချခြင်း-ခြိမ်းခြောက်မှုနှင့်စွန့်စားမှုအကဲဖြတ်ခြင်း

ခြိမ်းခြောက်မှုနှင့်စွန့်စားမှုအကဲဖြတ်ခြင်းလုပ်ဆောင်ရန် ဤအဆင့်များကိုလိုက်နာပါ-

**အဆင့် ၁**
**ခြိမ်းခြောက်မှုစာရင်းလုပ်ပါ**

- ခြိမ်းခြောက်မှုက ဘာတွေလဲ
- ဘယ်သူ/ဘာကို ခြိမ်းခြောက်တာလဲ
- ဘယ်သူ/ဘယ်အရာက ခြိမ်းခြောက်မှုဖြစ်စေတာလဲ

**အဆင့် ၂**
**စွန့်စားမှု အကဲဖြတ်ပါ**

- ခြိမ်းခြောက်မှုအမှန်ဖြစ်လာနိုင်ခြေဘယ်လောက်ရှိသလဲ
- သက်ရောက်မှုဘယ်လောက်ပြင်းထန်သလဲ

**အဆင့် ၃**
**စွန့်စားမှုကို လျှော့ချ/စီမံပါ**

- လူများ၊ အခြေခံအဆောက်အဦ၊ သတင်းအချက်လက်တို့အပေါ် ရှိနိုင်သော စွန့်စားမှုကိုတုန့်ပြန်ရန်(သို့)လျှော့ချရန် မည်သည့်အစီအမံများချမှတ်မလဲ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ထိခိုက်မှုကို လျှော့ချခြင်း - ညှိနိုင်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ စာမျက်နှာ ၉၃-၉၄
အခန်း ၈ - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း ၉ - စီမံချက်ရေးဆွဲခြင်း
အခန်း ၁၅ - စိတ်ဒါဏ်ရာ

- လူသားချင်းစာနာမှုအကျပ်အတည်းကိုတုန့်ပြန်ရာတွင် CARSV သည် များပြားသော အေဂျင်စီများနှင့် မတူညီသောလုပ်ပိုင်ခွင့်နှင့်အပြိုင်အဆိုင်များပြားသော အစီအစဉ်များရှိသည့်အဖွဲ့စည်းများကြား ညှိဖျင်းသောညှိနိုင်းမှုများကြောင့် ဖြစ်လေ့ရှိသည်
- အချို့CARSV ကို လုံးလုံးမှတ်တမ်းမတင်ပါ၊ အချို့မှာ မေးမြန်းစုံစမ်းမှုအမျိုးမျိုးကြုံရသည်- တရား စီရင်မှုအာဏာများ ထပ်နေခြင်း(သို့)လိုင်အကြမ်းဖက်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့် နာမည်ဆိုးထွက်သည့်ဒေသများတွင်ဖြစ်လေ့ရှိသည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ထိခိုက်မှုကို လျှော့ချခြင်း- ညှိနိုင်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း- စာမျက်နှာ ၉၃-၉၄
အခန်း ၈ - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း ၉ - စီမံချက်ရေးဆွဲခြင်း
အခန်း ၁၅ - စိတ်ဒါဏ်ရာ

- အကယ်၍မေးမြန်းမှုအမျိုးမျိုးသည် ညှိနိုင်းမှုမရှိလျှင် ထိခိုက်ပြီးသားလူများကို ဒုက္ခအန္တရာယ်ဖြစ်စေသည်၊ ရရှိထားသောသတင်းအချက်အလက် အရည်သွေးကို လျော့ကျစေသည်၊ အဖွဲ့စည်း၏မြေပြင်လုပ်ငန်းကို အတားအဆီးဖြစ်စေသည်
- သင့်တင့်စွာညှိနိုင်းထားသောစုံစမ်းမှုများ ကျရှုံးခြင်း၏ နောက်ဆက်တွဲများမှာ-

| ပြောဆိုချက်အမျိုးမျိုး/စိတ်ဒါဏ်ရာအန္တရာယ် | အကဲဖြတ်မှုပင်ပန်းခြင်း/ ပြစ်တင်ဝေဖန်မှု | အချက်အလက်ထွက်ဆိုချက်ပဋိပက္ခဝိရောဓိ ဖြစ်နိုင်ခြေ | လူမှုအသိုက်အဝန်းအတွက်အန္တရာယ်မြင့်မားခြင်း |
|---|---|---|---|



နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိခိုက်မှုကို လျှော့ချခြင်း- ညှိနှိုင်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း- စာမျက်နှာ ၉၃-၉၄
အခန်း ၈ - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း ၉ - စီမံချက်ရေးဆွဲခြင်း
သင်ခန်းစာ ၁၅ - စိတ်ဒါဏ်ရာ

အခြားစုံစမ်းမေးမြန်းမှုများ၊ ရည်ညွှန်းဝန်ဆောင်မှုများနှင့် ထိရောက်သောညှိနှိုင်းမှုအတွက် သော့ချက်များ-

- သတင်းမျှဝေခြင်းနှင့် လျှို့ဝှက်ချက်
- ဆက်စပ်အဖွဲ့စည်းနှင့် အဆက်အသွယ်
- တည်ရှိဆဲအချက်အလက်များကိုသတိမူ/သတိရှိခြင်းနှင့်လုပ်ကိုင်ခြင်းအသိ
- အခြားသူများ၏လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းများကိုလေးစားပါ
- တည်ရှိဆဲညှိနှိုင်းမှုယန္တရား
- ခြိမ်းခြောက်မှုများနှင့်သတင်းများဆိုင်ရာအသိဗဟုသုတ
- အမျိုးသားအဆင့်စောင့်ကြည့်ရေး/အစီရင်ခံခြင်းဝတ္တရားများ
- အခြားသူများ၏လုံခြုံရေးအစီအမံလုပ်ထုံးလုပ်နည်းများ



© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ထိခိုက်မှုကိုလျှော့ချခြင်း- လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း- စာမျက်နှာ ၉၅-၉၇
အခန်း ၈ - ဘေးကင်းရေးနှင့်လုံခြုံရေး
အခန်း ၁၃ - အချက်အလက်သိမ်းဆည်းခြင်းနှင့်ကိုင်တွယ်ခြင်း

လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းသည် ကျူးလွန်ခံရသူများ/သက်သေများ၏ သတင်းအချက်အလက်များ **စုဆောင်း၊အသုံးပြု၊ မျှဝေ၊သိမ်းဆည်းခြင်းများအတွက်** CARSV မှတ်တမ်းတင်သူများ၏ **ကျင့်ဝတ်ဆိုင်ရာ ဝတ္တရား နှင့်လုပ်ငန်း လိုအပ်ချက်**ဖြစ်သည်

- လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းအစီအမံများတွင် ကျူးလွန်ခံရသူ/သက်သေ၏ သရုပ် သဏ္ဌာန်၊ စုဆောင်းခဲ့သော သတင်းအချက်အလက်၊ရည်ညွှန်းလွှဲပြောင်းပေးခြင်းများ၊ ကာကွယ် စောင့်ရှောက်မှုအစီအမံများနှင့် မှတ်တမ်းတင်မှုလုပ်ငန်းစဉ်၏ ဖြစ်တည်မှုများ ပါဝင်နိုင်သည်

- သင်၏အခင်းအကျင်း၊ နေရာအဆောက်အဦနှင့် လုပ်ထုံးလုပ်နည်းတို့ကိုလည်း လျှို့ဝှက်ချက်ထိန်းသိမ်းမှုခိုင်မာစေရန် ပုံစံချထားသင့်သည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိခိုက်မှုကိုလျှော့ချခြင်း- လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း- စာမျက်နှာ ၉၅-၉၇
အခန်း ၈ - ဘေးကင်းရေးနှင့်လုံခြုံရေး
အခန်း ၁၃ - အချက်အလက်သိမ်းဆည်းခြင်းနှင့်ကိုင်တွယ်ခြင်း

လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းသည် မတူညီသူများကြားတွင်နားလည်မှု ခြားနားနိုင်သည်။ သင်၏ လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းအစီအစဉ်ပွါယ်ကိုရှင်းအောင်ပြုလုပ်ပြီး၊ သင်နှင့်ကျူးလွန်ခံရသူ/ သက်သေ တို့ကြား မျှဝေသောဘုံနားလည်မှု- အထူးသဖြင့်

- သတင်းအချက်အလက်ကိုမည်သို့သိမ်းဆည်းမည်
- မည်သူကသိခွင့်ရှိသည်
- မည်သို့သောကိစ္စမျိုးအတွက် သတင်းအချက်အလက်ကိုမျှဝေရန် ကာယကံရှင်၏ကြိုတင်အသိပေးသဘောတူခြင်းကို သင်သိသင့်လာရောက်ဦးမည်
- သတင်းကိုသာထိန်းသိမ်းမည်လော၊ (သို့)အချက်အလက်ကိုပါထိန်းသိမ်းမည်လော
- ဖြစ်နိုင်ခြေရှိသော လုပ်ပိုင်ခွင့်ဘောင်အတွင်းက အစီရင်ခံခြင်းဝတ္တရားများ(ဥပမာ- ကလေးများ)


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ထိခိုက်မှုကိုလျှော့ချခြင်း- လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း

လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းဥပဒေသများအရ လုပ်ဆောင်နိုင်ရန် သင်သည်-

**လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်လုပ်ထုံးလုပ်နည်းများနှင့်မူဝါဒများ**ချမှတ်ပါ၊ ထို့နောက် မည့်သည့်သတင်းကို စုဆောင်းမည်၊ မည်သည့်နေရာတွင်မည်သို့သိမ်းဆည်းမည်နှင့် မည်သူကသိခွင့်ရှိမည်ကို အဖွဲ့ဝင်များသိရှိပါစေ

အသေးစိတ်အချက်များကို မှတ်တမ်းတင်သည့်အဖွဲ့၏အပြင်မှ မည်သူနှင့်မျှ **မဆွေးနွေးရန်** အဖွဲ့သားများသိပါစေ

ကျူးလွန်ခံရသူ/သက်သေနှင့်ပတ်သက်သည့်အချက်အလက်များ၊ ရည်ညွှန်းလွှဲပြောင်းခဲ့ခြင်းများ နှင့် ကာကွယ်စောင့်ရှောက်ပေးခဲ့ခြင်းများနှင့်ပတ်သက်သည့်အချက်အလက်အားလုံးအတွက် **အချက်အလက် ကာကွယ်စောင့်ရှောက်မှုအစီအမံများ** ထားရှိပါ (ဥပမာ- အမည်လွှဲသုံးခြင်း၊ ကုဒ်စနစ် စသည်) နေရာကျပါစေ

**လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း၏အကန့်အသတ်များနှင့်အခြေအနေများ**ကို ကျူးလွန်ခံရသူ/သက်သေများကို အပြည့်အဝရှင်းပြပြီး၊ သတင်းအချက်အလက်ကိုမည်သို့အသုံးပြုမည်ကို ၎င်းတို့၏**ကြိုတင်အသိပေး သဘောတူချက်** ရယူပါ

ကျူးလွန်ခံရသူများ/သက်သေများက ၎င်းတို့ကိုသင်မည်သို့ **ချဉ်းကပ်၊ ဆက်သွယ်စေချင်သည်ကို** ညှိနှိုင်းသဘောတူပါ


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ထိခိုက်မှုကိုလျှော့ချခြင်း- လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း

- လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း၌ကန့်သတ်ချက်များရှိပြီး သင်၏ အကောင်းဆုံးလုပ်နိုင်စွမ်းအထိသာ အာမခံနိုင်သည်- လုံးဝဥဿုံအမည်ဝှက်ခြင်း (သို့) လျှို့ဝှက်ချက်ထိန်းသိမ်းရေးကို လေးစားမှုကို မည်သည့်အခါမှ ကတိမပေးသင့်ပါ။
- မရည်ရွယ်သောပေါက်ကြားမှုမှလွဲပြီး၊ CARSV အချက်အလက်များကို ရာဇဝတ်တရားစီရင်ရေး အာဏာပိုင်များထံတွင် ထွက်ဆိုချက်ပေးရန် တရားဝင် တာဝန်ဝတ္တရားများ ရှိလာနိုင်သည်။
- လျှို့ဝှက်ချက်ထိန်းသိမ်းရေး၏အကန့်အသတ်များနှင့် သက်သေခံရန်(သို့) အချက်အလက် လွှဲပေးရန်ငြင်းဆန်ပါက ဥပဒေကြောင်းဆိုင်ရာ နောက်ဆက်တွဲကိစ္စများရှိလာမည်ကို သင့်အဖွဲ့က သိရှိပါစေ

**ကျူးလွန်ခံရသူ/သက်သေများ၏သက်သေခံချက် (သို့) အခြားအသေးစိတ် ဖော်ထုတ်ချက်မယူပါနဲ့**
အကယ်၍ တရားရုံးဆင့်ခေါ်စာ ရောက်လာနိုင်ခြေများသည့်အခြေအနေမျိုး၊
သတင်းအချက်အလက်ဖွင့်ချပါက ကျူးလွန်ခံရသူများ/ သက်သေများ၏ ဘေးကင်းရေး၊ လုံခြုံရေးကို
စိုးရိမ်စရာဖြစ်လာနိုင်သည့်အခါမျိုးများတွင်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ထိခိုက်မှုကိုလျှော့ချခြင်း-ရည်ညွှန်းမှုများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း- စာမျက်နှာ ၉၈-၁၀၃
အခန်း ၈ - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း ၉ - စီမံချက်ရေးဆွဲခြင်း

- ရည်ညွှန်းမှုများဆိုသည်မှာ ကျူးလွန်ခံရသူများ/သက်သေများအား ဆေးဝါး၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာ၊ လူမှုရေး/ကာကွယ်စောင့်ရှောက်မှု(သို့) အခြားကူပံ့ခြင်းများပေးနိုင်မည့် သင့်လျော်သော အဖွဲ့အစည်းများသို့ ရည်ညွှန်း ပေးခြင်းလုပ်ငန်းစဉ်ဖြစ်သည်
- အစီအစဉ်ရေးဆွဲသည့်အဆင့်တွင် အမျိုးသား၊အမျိုးသမီး၊ကလေး ကျူးလွန်ခံရသူ/သက်သေများ အတွက် သင့်လျော်သော တရားဝင်/အလွတ်သဘောရွေးချယ်စရာ အကူအညီနှင့်ပံ့ပိုးမှုများ ဖော်ထုတ်ကာ အစီအစဉ်များပြင်ဆင်ထားသင့်သည်

ကျူးလွန်ခံရသူများ/ သက်သေများအတွက် ရည်ညွှန်းပေးခြင်းသည် ၎င်းတို့၏ မှတ်တမ်းတင်မှုလုပ်ငန်းစဉ်တွင် **ပါဝင်မှုအပေါ် မှီခိုနေရခြင်းမဖြစ်သင့်ပေ**

# ထိခိုက်မှုကိုလျှော့ချခြင်း- ရည်ညွှန်းမှု ပုံစံများ

**ကဏ္ဍစုံပုံစံ**

**ဆေးဘက်ဆိုင်ရာ**

**ဆေးရုံ/ဆေးခန်းများနှင့်ကျန်းမာရေးဌာနများ**

-အသက်ကယ်ကုသခြင်း၊ဒါဏ်ရာများ၊လိင်မှ ကူးစက်ရောဂါများ၊အရေးပေါ်သန္ဓေတားခြင်း

-စိတ်ကုထုံးဝန်ဆောင်မှု

**စိတ်ပိုင်းဆိုင်ရာ**

**နှစ်သိမ့်ဆွေးနွေးခြင်း၊ရပ်ရွာစင်တာ၊ ကျူးလွန်ခံရသူကူညီရေးအဖွဲ့များ**

စိတ်ခံစားမှုကူညီခြင်း၊နှစ်သိမ့်ဆွေးနွေး၊မိသားစုဖြန်ဖြေရေး

- ဘဝရပ်တည်ရေးအကူအပံ့

**ဥပဒေရေးရာ**

**တရားဝင်ဆေးခန်း၊ကူညီရေးအဖွဲ့များ**

-ကျူးလွန်ခံရသူအခွင့်ရေးပညာပေးအကြံဉာဏ်နှင့်တရားဝင်ကိုယ်စားပြုခြင်း

**ကာကွယ်ခြင်း အဖွဲ့စည်း၊စင်တာ၊ကူပံ့ရေးအဖွဲ့များ**

- အကာကွယ်၊ယာဉ်အကူအညီ၊သက်သေနေရာရွှေ့ပြောင်းခြင်းအစီအစဉ်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိခိုက်မှုကိုလျှော့ချခြင်း- ရည်ညွှန်းမှုများ

- ရည်ညွှန်းလွှဲပြောင်းပေးခြင်းများကို သက်သေခံချက်အတွက် ကုန်စည်(သို့)ဝန်ဆောင်မှုဖြင့် လဲလှယ်ခြင်းဟု အဓိပ္ပါယ်မကောက်ယူစေရ (သို့မဟုတ်) ထိုသို့အထင်အမြင်မခံရစေရ
- တရားဝင်ဝန်ဆောင်မှုများကို မရရှိနိုင်(သို့)အလုပ်မလုပ်သောအခါ အခြားအလွှတ်သဘော မည်သည့်စနစ်များဖြင့် သင့်လျော်သည်ကို ဖော်ထုတ်သင့်သည်
    - ကလေးသူငယ်များနှင့် ထိတွေ့ပတ်သက်သောအခါ အလွတ်သဘောမဟုတ်သော မိသားစုနှင့် လူမှုအဝန်းအဝိုင်း၏ ပံ့ပိုးမှုစနစ်ကို စဉ်းစားသင့်သည်- အချို့တိုင်းပြည် များတွင် မဖြစ်မနေ အစီရင်ခံရန် ဥပဒေများပြဋ္ဌာန်းထားသည်
    - အမျိုးသားကျူးလွန်ခံရသူများနှင့်ထိတွေ့ပတ်သက်သောအခါ အလွတ်သဘော မဟုတ်သော ပံ့ပိုးမှု စနစ်၊ကိုယ်ထူကိုယ်ထကွန်ရက်(သို့)ဒေသန္တရဝန်ဆောင်မှုပေးသူ များကို စွမ်းရည်တည် ဆောက်ပေးသင့်သည်။ အမျိုးသားလိင်အကြမ်း ဖက်မှု ကျူးလွန်ခံရသူများအတွက် ဝန်ဆောင်မှုရရှိရန်ခက်လေ့ရှိသောကြောင့်ဖြစ်သည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈

# ထိခိုက်မှုကိုလျှော့ချခြင်း- ရည်ညွှန်းမှုများ

သင့်ကိုယ်ပိုင်ရည်ညွှန်းလမ်းကြောင်းဖော်ဆောင်ရန်ဤအဆင့်များကိုလိုက်နာပါ-

**အဆင့် ၁**

တည်ရှိဆဲဝန်ဆောင်မှုများပြမြေပုံ

- လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှုရည်ညွှန်းစင်တာများ၊အန်ဂျီအိုများ၊အရေးပေါ်ဖုန်းနံပါတ်များ၊ဘာသာရေးခေါင်းဆောင်များ၊ကိုယ်ထူကိုယ်ထကွန်ရက်များ- စသည်ဖြင့်..

**အဆင့် ၂**

၎င်းတို့၏သင့်လျော်မှု၊ဘေးကင်းရေးနှင့်ဝင်ရောက်ခွင့်တို့ကိုအကဲဖြတ်သုံးသပ်ပါ

- ဝန်ဆောင်မှုများလုံလောက်ရဲ့လား။ သိပ်ဝေးလွန်းသလား။ ကျူးလွန်ခံရသူကို ရည်ညွှန်းစင်တာက နောက်ထပ်စွန့်စားမှုအန္တရာယ်ထပ်ဖြစ်စေမလား။

**အဆင့် ၃**

ရည်ညွှန်းလမ်းကြောင်းကိုရေးဆွဲ(သို့)ချမှတ်ပါ

- ထိရောက်၊လုံခြုံ၊လျှို့ဝှက်သောရည်ညွှန်း/သဘောတူညီမှု ချောမွေ့စေရန် SOP/MOU များချမှတ်ထားရှိပါ

**အဆင့် ၄**

ဌာနတွင်း SOP ဖော်ဆောင်ပါ

- မည်သူ့ကိုရည်ညွှန်းမလဲ၊ ဘာကြောင့်လဲ၊ဘယ်လိုဝန်ဆောင်မှုအတွက်လဲ၊ ကျူးလွန်ခံရသူကဝန်ဆောင်မှုဘယ်လိုရရှိနိုင်မလဲ၊ဘယ်အချိန်လဲ

**အဆင့် ၅**

ကျူးလွန်သူ/သက်သေများနှင့်ရှင်းလင်းစွာဆက်သွယ်ပါ

- ရွေးချယ်စရာများနှင့်ကူညီနိုင်မှုအကန့်အသတ်ကိုရှင်းပြပါ–(မှတ်တမ်းတင်ခြင်းတွင်) ပါဝင်မှုအပေါ်မမှီခိုပါ
- ဤဝန်ဆောင်မှုကို ကျူးလွန်ခံရသူ/သက်သေက သိရှိသဘောတူပါသလား


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*